# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၁၄) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသောဥပဒေအသစ်များအကြောင်း သိကောင်းစရာ။ ၂-၄

၂။ စင်္ကာပူနိုင်ငံအပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းခြင်းနည်းဥပဒေများပါအနုညာတခုံသမာဓိခန့်အပ်ခြင်းနှင့် စပ်လျဉ်း၍ လေ့လာတင်ပြခြင်း။ ၅-၈

၃။ တရုတ်နိုင်ငံတွင်ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ အကာအကွယ်ပေးရန်စာရင်းစစ်ဆေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ (မူကြမ်း) အပေါ် သုံးသပ်တင်ပြခြင်း။ ၉-၁၁

၄။ အိန္ဒိယနိုင်ငံ ၊ India International Arbitration Centre (IIAC)၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ။ ၁၂-၁၄

၅။ ၂၀၂၃ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု။ ၁၅-၁၇

## မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာ့ဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာနှင့် သက်ဆိုင်သည့်ဥပဒေ ၃ ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် တံတားကြီးများဆိုင်ရာနည်းဥပဒေများ ၁ ခု၊ ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ရွေးချယ်တင်မြှောက်ရေးဆိုင်ရာစည်းမျဉ်းများအမိန့်ကြော်ငြာစာ ၁ ခု၊ ပြည်တွင်းအခွန်ဦးစီးဌာနမှထုတ်ပြန်သည့် ပြည်ပနေပုဂ္ဂိုလ်များအခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement-DTA)နှင့် အညီအခွန်ဆိုင်ရာအကျိုးခံစားခွင့်တောင်းခံနိုင်ရန်ပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာ ၁ ခုတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ (က) အရ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာစည်းမျဉ်းများကို ထုတ်ပြန်ထားရှိပြီး စည်းမျဉ်း ၂ (င)တွင် ရွေးချယ်တင်မြှောက်ပွဲ ဆိုသည်မှာ အသင်း၏ကောင်စီဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အသင်းခွဲအမှုဆောင်အဖွဲ့ အဖွဲ့ဝင်များနှင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းခွဲငယ် တာဝန်ခံအဖွဲ့ အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို ဆိုသည်ဟု လည်းကောင်း၊ စည်းမျဉ်း ၂ (စ)တွင် ဗဟိုရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီ ဆိုသည်မှာ ရွေးချယ်တင်မြှောက်ရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် အလုပ်အမှုဆောင်အဖွဲ့ကဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီကိုဆိုသည်ဟုလည်းကောင်း၊ စည်းမျဉ်း ၂ (ဆ)တွင် ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီအဆင့်ဆင့် ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီ၊ မြို့နယ်ရွေးချယ် တင်မြှောက်ရေးလုပ်ငန်းကော်မတီနှင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီတို့ကို ဆိုသည်ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါစည်းမျဉ်း၌ ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းရာတွင် အမျိုးသမီးအဖွဲ့ဝင်များကို ဖြစ်နိုင်သမျှ ထည့်သွင်းဖွဲ့စည်းရမည်ဖြစ်ကြောင်း စည်းမျဉ်း ၁၀ တွင် ဖော်ပြထားပါသည်။

ရပ်ရွာလူထုကိုယ်စားပြုအသင်းသားများ ရွေးချယ်တင်မြှောက်ခြင်းတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသူများသည် စည်းမျဉ်း ၂၀ ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်ကိုတွေ့ရှိရသော်လည်း ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသူ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊ သာသနာ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းနှင့် အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်း ခံထားရသူတို့မှာ ရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် မရှိစေရဟု စည်းမျဉ်း ၂၁ တွင် အတိအလင်း ထုတ်ပြန်ထားပါသည်။

လက်ရှိအလုပ်အမှုဆောင်အဖွဲ့သည် မြန်မာနိုင်ငံကြက်ခြေနီညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပနိုင်ရန် ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ပြီး ညီလာခံကို နှစ်ပိုင်းခွဲ၍ကျင်းပရမည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီအဆင့်ဆင့်သည် ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ဝန်ကြီးဌာနမှတစ်ဆင့်တင်ပြ၍လည်းကောင်း၊ သက်ဆိုင်ရာအဆင့်အလိုက် ဆက်သွယ်၍လည်းကောင်း ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆက်သွယ်ညှိနှိုင်းလာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်သည် ရွေးချယ်တင်မြှောက်ရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ ဤစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ကို အကျယ်တဝင့် ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## စက်ာပူနိုင်ငံအပြည်ပြည်ဆိုင်ရာအနုညာတဖြေရှင်းခြင်းနည်းဥပဒေများပါ အနုညာတခုံသမာဓိခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်း

စီးပွားရေးစာချုပ်များချုပ်ဆိုရာတွင် မဖြစ်မနေပါဝင်လေ့ရှိသည့် ဥပဒေရေးရာစာပိုဒ်များရှိပါသည်။ ယင်းစာပိုဒ်များအနက် အငြင်းပွားမှုပေါ်ပေါက်ပါက မည်သို့ဖြေရှင်းရမည်ဖြစ်ကြောင်း ဖော်ပြသည့်အငြင်းပွားမှုဖြေရှင်းခြင်းစာပိုဒ်သည်အရေးကြီးသည့်စည်းကမ်းချက်ဖြစ်ပါသည်။စာချုပ်အချို့တွင် အငြင်းပွားမှုကို မြန်မာနိုင်ငံ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ်) နှင့်အညီ ဖြေရှင်းရန် ဖော်ပြကြသော်လည်း နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားကုမ္ပဏီပါဝင်သောစာချုပ်အများစုတွင်မူ UNCITRAL Rules, Singapore International Arbitration Center (SIAC) Rules စသည်တို့ကို အသုံးပြု၍ အငြင်းပွားသူများအစီအစဉ် (Ad hoc Arbitration) ဖြင့် ဖြေရှင်းရန် သို့မဟုတ် SIAC, International Chamber of Commerce (ICC) ကဲ့သို့သော အဖွဲ့အစည်းများဖြင့် ဖြေရှင်းရန် ဖော်ပြလေ့ရှိပါသည်။ ယင်းတို့အနက် စီးပွားရေးစာချုပ်အများစုတွင် SIAC rules (SIAC နည်းဥပဒေများ)ကို အသုံးပြု၍ ဖြေရှင်းရန် ထည့်သွင်းဖော်ပြလေ့ရှိကြောင်း တွေ့ရှိရသဖြင့် ယင်းနည်းဥပဒေပါ အနုညာတခုံသမာဓိ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ လေ့လာတင်ပြခြင်းဖြစ်ပါသည်။

အငြင်းပွားသူများက ၎င်းတို့၏အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းအလို့ငှာ SIAC သို့ လွှဲအပ်ရန် သို့မဟုတ် SIAC နည်းဥပဒေများနှင့်အညီ အနုညာတစီရင်ဆုံးဖြတ်ရန် သဘောတူညီသည့်အခါ ခုံသမာဓိဦးရေခန့်အပ်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားသူများအကြား အခြားနည်း သဘောတူညီခြင်းမရှိလျှင် ဤနည်းဥပဒေများအရ ခုံသမာဓိတစ်ဦးတည်းကိုသာ ခန့်အပ်ရမည်ဖြစ်ပြီး အငြင်းပွားမှုမှာ ရှုပ်ထွေးနက်နဲပြီး တောင်းဆိုမှုပမာဏ သို့မဟုတ် အခြားသက်ဆိုင်သည့် အခြေအနေများရှိသည်ဟု မှတ်ပုံတင်အရာရှိကယူဆပါက ခုံသမာဓိသုံးဦး ခန့်အပ်ရမည်ဖြစ်ပါသည်။ ခုံသမာဓိတစ်ဦးတည်းခန့်အပ်မည်ဆိုပါက ခုံသမာဓိတစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ၏အမည်များကို တစ်ဖက်အငြင်းပွားသူထံသို့ အဆိုပြုတင်ပြနိုင်ပြီး အငြင်းပွားသူများက တစ်ဦးတည်းခုံသမာဓိ လျာထားရန် သဘောတူညီချက်ရရှိသည့်အခါ ဥက္ကဋ္ဌ၏ သဘောဆန္ဒဖြင့် ခန့်အပ်ရမည်ဖြစ်ပါသည်။ ခုံသမာဓိ သုံးဦး

အားခန့်အပ်မည်ဆိုပါက အငြင်းပွားသူတစ်ဦးစီမှ ခုံသမာဓိတစ်ဦးစီ လျာထားသတ်မှတ်ရပါသည်။ အငြင်းပွားသူတစ်ဦးက လျာထားသတ်မှတ်ရန် ပျက်ကွက်ပါက ထိုသူအတွက် ခုံသမာဓိကိုဥက္ကဋ္ဌက သတ်မှတ်ရမည်ဖြစ်ပါသည်။ တတိယခုံသမာဓိအားခန့်အပ်ရန် အခြားလုပ်ထုံးလုပ်နည်းတစ်ရပ်ကို အငြင်းပွားသူများအကြား သဘောတူညီထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်အရာရှိက သတ်မှတ်သည့်ကာလအတွင်း သဘောတူထားသည့်လုပ်ထုံးလုပ်နည်းဖြင့် လျာထားသတ်မှတ်နိုင်ခြင်းမရှိလျှင် ခုံသမာဓိနာယကအဖြစ် ဆောင်ရွက်မည့် တတိယခုံသမာဓိအား ဥက္ကဋ္ဌကခန့်အပ်ရမည် ဖြစ်ပါသည်။

ခုံသမာဓိအား အငြင်းပွားသူအများအပြားမှ ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ နှစ်ဦးထက်ပိုသော အငြင်းပွားသူများပါဝင်ပြီး ခုံသမာဓိတစ်ဦးတည်းခန့်အပ်ပါက အငြင်းပွားသူများသည် တစ်ဦးတည်းသော ခုံသမာဓိအား ပူးတွဲလျာထားသတ်မှတ်ရပါမည်။ အနုညာတစီရင်ဆုံးဖြတ်မှု စတင်သည့်နေ့ရက်မှ ၂၈ ရက်အတွင်းဖြစ်စေ၊ အခြားနည်းအားဖြင့် သဘောတူသည့် သို့မဟုတ် မှတ်ပုံတင်အရာရှိက သတ်မှတ်သည့်ကာလ အတွင်းဖြစ်စေ ပူးတွဲလျာထားသတ်မှတ်ခြင်းမရှိလျှင် တစ်ဦးတည်းသော ခုံသမာဓိကို ဥက္ကဋ္ဌက ခန့်အပ်ရမည်ဖြစ်ပါသည်။

ခုံသမာဓိများ၏ အရည်အချင်းများနှင့်စပ်လျဉ်း၍ ခုံသမာဓိတစ်ဦးဦးသည် အမှုတိုင်းတွင် လွတ်လပ်၍ ဘက်လိုက်မှုကင်းစွာဆောင်ရွက်ရမည်ဖြစ်ပြီး အနုညာတစီရင်ဆုံးဖြတ်မှု၏ သဘောသဘာဝနှင့်အညီ သင့်လျော်သည့် လျင်မြန်မှု၊ ထိရောက်အကျိုးရှိသောနည်းလမ်းဖြင့် အမှုကိစ္စကို ဆုံးဖြတ်နိုင်စွမ်း ရှိ မရှိ တို့ကို ဥက္ကဋ္ဌက ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ ခုံသမာဓိသည် ၄င်း၏ ဘက်မလိုက်မှု သို့မဟုတ် လွတ်လပ်မှုနှင့်စပ်လျဉ်း၍ သံသယဖြစ်ပေါ်စေနိုင်သော အခြေအနေ တစ်ရပ်ရပ်ရှိပါက ယင်းကိုအခြားခုံသမာဓိများနှင့် မှတ်ပုံတင်အရာရှိတို့ထံ ထုတ်ဖော်ပြောဆိုရမည် ဖြစ်ပါသည်။

ခုံသမာဓိ၏ လွတ်လပ်မှုနှင့် ဘက်လိုက်မှုမရှိခြင်းတို့နှင့်စပ်လျဉ်း၍ ကျိုးကြောင်းဆီလျော်သော သံသယဖြစ်စေနိုင်သည့် အခြေအနေရှိလျှင် သို့မဟုတ် အငြင်းပွားသူများသတ်မှတ်သည့် အရည်အချင်းများမရှိလျှင် ကန့်ကွက်နိုင်ပြီး ခန့်အပ်မှုအကြောင်းကြားစာရရှိပြီး ၁၄ ရက်အတွင်း

သို့မဟုတ်အထက်ဖော်ပြပါအခြေအနေများသိရှိပြီး ၁၄ရက် အတွင်းကန့်ကွက်မှုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ တင်သွင်းရပါသည်။ တစ်ဖက်အငြင်းပွားသူက ကန့်ကွက်မှုကို သဘောမတူလျှင် သို့မဟုတ် ကန့်ကွက်ခံရသည့်ခုံသမာဓိက မိမိဆန္ဒအလျောက်နုတ်ထွက်မှုမပြုလျှင် ကန့်ကွက်မှု အကြောင်းကြားစာ ရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း တရားရုံးက ဆုံးဖြတ်ရမည်။ ကန့်ကွက်မှုကို တရားရုံးကလက်ခံလျှင် ယင်းခုံသမာဓိကို ဖယ်ရှားရန်နှင့် အစားထိုးခုံသမာဓိ တစ်ဦးကို ခန့်အပ်ရပါမည်။ ခုံသမာဓိကန့်ကွက်မှုကို တရားရုံးကပယ်ချလျှင် ကန့်ကွက်ခံရသော ခုံသမာဓိသည် အနုညာတစီရင်ဆုံးဖြတ်မှုကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကန့်ကွက်မှုအပေါ် ချမှတ်သောတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံဝင်ခွင့်မရှိကြောင်း တွေ့ရှိရပါသည်။

ခုံသမာဓိအစားထိုးခန့်အပ်ထားခြင်းနှင့်စပ်လျဉ်း၍ SIAC Rules တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှအပ အနုညာတစီရင်ဆုံးဖြတ်နေသည့်ကာလအတွင်း ခုံသမာဓိသေဆုံးမှု၊ နုတ်ထွက်မှု သို့မဟုတ် ဖယ်ရှားခံရမှု၊ သတ်မှတ်အချိန်ကာလအတွင်း မိမိလုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန် ပျက်ကွက်ခဲ့မှု သို့မဟုတ် လုပ်ငန်းတာဝန်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ ပေါ်ပေါက်လာပါက သက်ဆိုင်သောလုပ်ထုံးလုပ်နည်းနှင့်အညီ ဥက္ကဋ္ဌသည် ခုံသမာဓိတစ်ဦးကို ဖယ်ရှားနိုင်ပါသည်။ ထိုသို့ ဖယ်ရှားခြင်းမပြုမီ ခုံသမာဓိအပါအဝင် အခြားအဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပြီး အစားထိုးခုံသမာဓိတစ်ဦးကို ခန့်ထားနိုင်မည်ဖြစ်ပါသည်။

အနုညာတစီရင်ဆုံးဖြတ်မည့်နေရာအား အငြင်းပွားသူများက လွတ်လပ်စွာသဘောတူဆုံးဖြတ်နိုင်ပြီး ထိုသို့သဘောတူညီမှုမရှိပါကခုံရုံးမှ လျော်ကန်သင့်မြတ်သည့်နေရာတွင် ဆောင်ရွက်နိုင်ပါသည်။ အနုညာတစီရင်ဆုံးဖြတ်ရာတွင် ဘာသာစကားအား သဘောတူညီထားမှုမရှိပါက ခုံရုံးက သတ်မှတ်နိုင်ပါသည်။ အမှုတွင်စီရင်ဆုံးဖြတ်သည့် မည်သည့်အဆင့်တွင်မဆို ခုံရုံးဥက္ကဋ္ဌက အမှုကိစ္စနှင့်စပ်လျဉ်း၍ အသင့်တော်ဆုံးနှင့် အထိရောက်ဆုံးလုပ်ထုံးလုပ်နည်းကိုဆွေးနွေးရန် အစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပနိုင်ပြီး အငြင်းပွားသူများမှ လိုအပ်သည့်တင်သွင်းချက်များကို ဆက်သွယ်ဆောင်ရွက်ရန် အချိန်ကာလကို ခုံရုံးမှ သတ်မှတ်ပေးရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ SIAC Rules အရအနုညာတစီရင်ဆုံးဖြတ်ခြင်းမည့်သည့်အဆင့်တွင်မဆို ထိရောက်သည့် လုပ်ထုံးလုပ်နည်းကိုဆွေးနွေးနိုင်ကြောင်းနှင့် အငြင်းပွားသူများအားလိုအပ်သည့် တင်သွင်းချက်များကို ဆက်သွယ်ဆောင်ရွက်ရန် အချိန်ကာလကို ခုံရုံးမှသတ်မှတ်နိုင်ကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ရည်ညွှန်းကိုးကားစာရင်း**

Singapore International Arbitration Center ( SIAC) Rules, 6th Edition, 1 August 2016
မြန်မာနိုင်ငံအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ်)

## တရုတ်နိုင်ငံတွင် ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ အကာအကွယ်ပေးရန် စာရင်းစစ်ဆေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ (မူကြမ်း)အပေါ် သုံးသပ်တင်ပြခြင်း

တရုတ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့သည် ပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များ အကာအကွယ်ပေးရန် စာရင်းစစ်ဆေးခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ Personal Information Protection Compliance Audit Management Measures (မူကြမ်း) အပေါ် အများပြည်သူမှ ဆွေးနွေးပြီး သဘောထားမှတ်ချက်များ ပေးပို့နိုင်ရန် အွန်လိုင်းဝက်ဆိုက် (Online website) များတွင် ၃- ၈- ၂၀၂၃ ရက်နေ့က လွှင့်တင်ခဲ့ပါသည်။

ယင်း (မူကြမ်း) တွင် တရုတ်နိုင်ငံရှိ ပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များကို စီမံဆောင်ရွက်သည့် ကုမ္ပဏီများအားလုံးသည် တရုတ်နိုင်ငံ၏ ပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များ အကာအကွယ်ပေးရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စာရင်းစစ်ဆေးမှုများ ပုံမှန်လိုက်နာစစ်ဆေးရန် လိုအပ်ပြီး ယင်းကုမ္ပဏီများသည် စာရင်းစစ်ဆေးမှုလုပ်ဆောင်ရန် ဌာနတွင်း ဌာနတစ်ခု သို့မဟုတ် ပြင်ပအေဂျင်စီတစ်ခုအား ခန့်အပ်နိုင်သည်။ စာရင်းစစ်များသည် တရုတ်နိုင်ငံ၏ ပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များ ကာကွယ်ရေးဥပဒေနှင့် နယ်စပ်ဖြတ်ကျော် ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များလွှဲပြောင်းခြင်းဆိုင်ရာ စည်းမျဉ်းများကိုလိုက်နာခြင်းအပါအဝင် အခြားဆက်စပ်စည်းမျဉ်းများကို ကုမ္ပဏီများကလိုက်နာမှု ရှိ မရှိ ကြီးကြပ်မည်ဖြစ်ပါသည်။

မူကြမ်းတွင် ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များကို စီမံခန့်ခွဲသည့် ပုဂ္ဂိုလ်ဆိုင်ရာ သတင်းအချက်အလက်များ အကာအကွယ်ပေးရေးဥပဒေအရ ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းအား လိုက်နာမှု ရှိ မရှိ စစ်ဆေးရာတွင် ကုမ္ပဏီများအနေဖြင့် ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ အကာအကွယ်ပေးရေးဥပဒေ

နှင့်ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့် အခြားစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စာရင်းစစ်ဆေးသူများက အကဲဖြတ်မည်ဖြစ်ပါသည်။

ယင်း (မူကြမ်း)ပါ နည်းလမ်းအသစ်များသည် ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်တွင် ကိုယ်တိုင်ပါဝင်လုပ်ကိုင်နေသော ကုမ္ပဏီများနှင့် သက်ဆိုင်သော်လည်း နည်းလမ်းများတွင် ချမှတ်ထားသော စည်းမျဉ်းများသည် ကုမ္ပဏီများကိုယ်စား လိုက်နာမှုရှိမရှိ စာရင်းစစ်ဆေးဆောင်ရွက်ရန် ခန့်အပ်ထားသော ကျွမ်းကျင်သည့် တတိယအဖွဲ့အစည်းများအား ညွှန်ကြားထားခြင်းဖြစ်ပါသည်။

ယင်း (မူကြမ်း) တတိယပုဂ္ဂိုလ်အားစာရင်းစစ်အဖြစ်ခန့်အပ်မည့် ကုမ္ပဏီများ လိုက်နာရမည့်စည်းကမ်းများ၊ စာရင်းစစ်အဖြစ်ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ်များကလိုက်နာရမည့်စည်းကမ်းများ၊ စစ်ဆေးမည့်လုပ်ငန်းစဉ်များစသည်တို့ပါဝင်ပါသည်။ တရုတ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့သည် ယင်းနည်းလမ်းများ(မူကြမ်း) အပေါ် ပြည်သူများမှ သဘောထားမှတ်ချက်များကို ၂-၉-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန် ကြေညာထားပါသည်။

တရုတ်နိုင်ငံတွင် ဆိုက်ဘာလုံခြုံရေးနှင့်စပ်လျဉ်း၍ ဆိုက်ဘာ လုံခြုံရေးဥပဒေသည် အဓိကဥပဒေဖြစ်ပြီး ဆက်စပ်ဥပဒေများမှာ ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များအကာအကွယ်ပေးရေးဥပဒေနှင့်သတင်းအချက်အလက်လုံခြုံရေးဥပဒေတို့ဖြစ်ပါသည်။ ထို့ပြင်ယင်းဥပဒေများအရထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ နည်းလမ်းများလည်း များစွာရှိပါသည်။ ယင်းဥပဒေကို တရုတ်နိုင်ငံ၏ ဆိုက်ဘာလုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့က အဓိကစီမံခန့်ခွဲပါသည်။ တရုတ်နိုင်ငံတွင် ဥပဒေအသစ်များထုတ်ပြန်ရာတွင်သာမက ယင်းဥပဒေများအား စီမံခန့်ခွဲသည့် အဖွဲ့အစည်းများက တစ်ဆင့်ခံဥပဒေများကို ထုတ်ပြန်ရာတွင်လည်း အများပြည်သူနှင့်ဆွေးနွေးပြီး သဘောထားများရယူကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ဆိုက်ဘာလုံခြုံရေးဥပဒေအပါအဝင် ဥပဒေများ၊

တစ်ဆင့်ခံဥပဒေများကို ပြဋ္ဌာန်းရာတွင် အများပြည်သူနှင့် ဆွေးနွေးသဘောထားများ ရယူသင့်ပြီး ဥပဒေမူကြမ်း၊ တစ်ဆင့်ခံဥပဒေမူကြမ်း ရေးဆွဲကြသည့် ဌာနဆိုင်ရာများအနေဖြင့်လည်း အခြားနိုင်ငံ၏ ဆက်စပ်ဥပဒေများကို လေ့လာသင့်ပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း အမိန့်နှင့်ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Sources: https://www.china-briefing.com/news/china-personal-information-protection-compliance-audit-draft-rules/

## အိန္ဒိယနိုင်ငံ၊ India International Arbitration Centre (IIAC)၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ

အိန္ဒိယအပြည်ပြည်ဆိုင်ရာ အနုညာတစီရင်ဆုံးဖြတ်ရေးဗဟိုဌာန (IIAC) သည် The India International Arbitration Centre Act, 2019 အရ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ IIAC သည် အနုညာတစီရင်ဆုံးဖြတ်ခြင်းကိစ္စရပ်များတွင် အသိပညာကြွယ်ဝပြီး ထင်ပေါ်ကျော်ကြားသည့် ပြည်တွင်း/ပြည်ပ ဥပဒေပညာရှင်များဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ၏တရားရုံးချုပ်၊ တရားသူကြီး အငြိမ်းစားက ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ IIAC ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် လုပ်ငန်းတာဝန်များထမ်းဆောင်သည့်နေ့မှ ၃ နှစ်အထိဖြစ်ပြီး သတ်မှတ်ကာလကုန်ဆုံးသွားသော်လည်း ထပ်မံခန့်ထားပိုင်ခွင့်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဥက္ကဋ္ဌသည် အသက် ၇၀ နှစ်၊ အဖွဲ့ဝင်များသည် အသက် ၆၇ နှစ်ပြည့်ပါက ဆက်လက်တာဝန်ထမ်းဆောင်ခွင့် မပြုကြောင်း တွေ့ရှိရပါသည်။

IIAC တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့၏ အနုညာတစီရင်ဆုံးဖြတ်မှု လုပ်ငန်းစဉ်မှတစ်ဆင့် စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်ယန္တရားတစ်ရပ်ကို ပံ့ပိုးပေးခြင်းဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ စာချုပ်ဝင်များအကြား ယုံကြည်မှုမြှင့်တင်ပေးရန် ဖြစ်ပါသည်။

IIAC ၏ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များအနေဖြင့် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ကြောင်း သိရှိရပါသည်-

(က) အိန္ဒိယနိုင်ငံတွင် ပြည်တွင်းပြည်ပအနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဆောင်ရွက်ရန်၊

(ခ) အခြားအငြင်းပွားမှုဖြေရှင်းခြင်းယန္တရားနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့အပေါ် ညီလာခံများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် သုတေသနနှင့် လေ့လာမှုများကို မြှင့်တင်ရန်၊

(ဂ) အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းစဉ်များအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ၊ စီမံခန့်ခွဲရေးဆိုင်ရာအကူအညီများ ထောက်ပံ့ပေးရန်၊

(ဃ) နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့်ရှိ ခုံသမာဓိအဖွဲ့ဝင်များကို ခန့်အပ်ထားရှိရန်၊

(င) အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် အထူးပြုဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လူအများ၏ ယုံကြည်ကိုးစားမှုရရှိရန်အတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(စ) IIAC ၏ ဆောင်ရွက်ချက်များကို မြှင့်တင်ရန် အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများတွင် အထောက်အကူပြုပစ္စည်းများ စီစဉ်ပေးရန်၊

(ဆ) ကျွမ်းကျင်သူပညာရှင်ဆန်သည့် ဆောင်ရွက်ချက်များဖြင့် ပြည်တွင်းပြည်ပ အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့မှုရှိစေရေးအတွက် ဆောင်ရွက်ရန်၊

(ဇ) အနုညာတစီရင်ဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုများပံ့ပိုးပေးရန်၊

(ဈ) အခြားသောအငြင်းပွားမှုဖြေရှင်းခြင်းကဏ္ဍတွင် လေ့လာမှုများမြှင့်တင်ရန်၊

(ည) အနုညာတစီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းများကိုင်တွယ်ဆောင်ရွက်သူများကို အခြားသောအငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာသင်တန်းများပို့ချရန်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၁၄) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်

IIAC သည် THE INDIA INTERNATIONAL ARBITRATION CENTRE ACT အရ ဖွဲ့စည်းထားခြင်းဖြစ်သည့်အားလျော်စွာ ယင်းအက်ဥပဒေပုဒ်မ ၂၈ အရ Chamber of Arbitration ကို တည်ထောင်ရန်တာဝန်ရှိပြီး ခုံသမာဓိလူကြီးအဖြစ် လျှောက်ထားလာသည့် လျှောက်ထားချက်များကို စိစစ်၍ ခန့်အပ်ရန်လည်းတာဝန်ရှိကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် IIAC သည် နိုင်ငံတကာတွင် ကျော်ကြားသော နိုင်ငံတကာခုံသမာဓိအဖွဲ့များနှင့်တန်းတူယှဉ်ပြိုင်နိုင်စေရန်ခုံသမာဓိလူကြီးများကိုသင်တန်းပေးခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းနယ်ပယ်နှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ အက်ဥပဒေ၏ ရည်ရွယ်ချက်များအောင်မြင်စေရန်အတွက် လိုအပ်သော အကြံဉာဏ်များပေးခြင်းတို့ ဆောင်ရွက်ရန် Arbitration Academy ကိုလည်း တည်ထောင်နိုင်ကြောင်း တွေ့ရှိရပါသည်။

IIAC သည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ စတင်တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်သဖြင့် IIAC မှ အနုညာတနည်းဖြင့်ဖြေရှင်းဆုံးဖြတ်ထားသည့်အမှုကိစ္စများ မရှိသေးကြောင်းတွေ့ရှိရပြီး လတ်တလော တွင်နိုင်ငံတကာရှိဌာနဆိုင်ရာများကိုဖိတ်ခေါ်၍ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ရည်ညွှန်းကိုးကားချက်များ**

- The India International Arbitration Centre Act, 2019
- https://indiaiac.org/arbitration/about_center

## ၂၀၂၃ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု

၂၀၂၃ ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွင် ကမ္ဘာ့နိုင်ငံများပါဝင်ရန်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ဖိတ်ကြားထားပါသည်။ အဆိုပါ နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ထိုသို့ ကနဦးစတင်မှုသည် ကုလသမဂ္ဂ၏အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်မူဘောင်တွင် ပါဝင်မှုမြှင့်တင်ရေးတွင်အောင်မြင်ကြောင်းသက်သေပြသနိုင်ခဲ့သည်။ ယခုနှစ်နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ ၂၂ ရက်နေ့ထိ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင်ကျင်းပမည့် ခုနစ်ဆယ့်ရှစ်ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထွေထွေဆွေးနွေးပွဲနှင့် အတူ ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ဖိတ်ကြားလွှာတွင် ၂၀၂၃ခုနှစ် နိုင်ငံတကာ စာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှု၏ဆောင်ပုဒ်မှာ “ကျန်းမာသောကမ္ဘာမြေကြီးအတွက်သဘာဝပတ်ဝန်းကျင်ဆိုင်ရာသဘောတူစာချုပ်များတွင် တစ်ကမ္ဘာလုံး ပါဝင်လာနိုင်ရေး” (Towards universal participation in multilateral environmental agreements for a healthy planet) ဖြစ်ပြီး အိုဇုန်းလွှာ ပြန်လည်ကောင်းမွန်လာစေရန် တစ်ကမ္ဘာလုံးပူးပေါင်း ပါဝင်မှုမှတစ်ဆင့် “အိုဇုန်းလွှာကို ထိခိုက်စေသောဝတ္ထုပစ္စည်းများဆိုင်ရာ နောက်ဆက်တွဲ စာချုပ်”(Montreal Protocol on Substances that Deplete the Ozone Layer) ကိုလည်း အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ကြောင်း၊ ယခု ကျင်းပမည့် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွင် သဘာဝပတ်ဝန်းကျင် ဆိုင်ရာနိုင်ငံတကာသဘောတူညီချက်များတွင် တစ်ကမ္ဘာလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းထားပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် လေထုညစ်ညမ်းမှုများကို ကျွန်ုပ်တို့က စုပေါင်းတုံ့ပြန်ရန် လိုအပ်သည်ဟု ပြသလျှက်ရှိပါကြောင်း၊ “ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပဲရစ် သဘော

တူညီချက်”(The Paris Agreement on Climate Change)၊ “မွန်ထရီရာယ်နောက်ဆက်တွဲစာချုပ်ကို ပြင်ဆင်သည့်ကီဂလီပြင်ဆင်ချက်” (Kigali Amendment to Montreal Protocol)၊ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (the Convention on Biological Diversity) နှင့်အခြားသောသဘာဝပတ်ဝန်းကျင်ဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်များသည် ယခုနှစ်အတွက် ဤကမ္ဘာလုံးဆိုင်ရာစိုးရိမ်မှုများကို ဖြေရှင်းရန်ရည်ရွယ်သော အဓိကစာချုပ်များဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါအဓိကစာချုပ်များကို လက်မှတ်ရေးထိုးခြင်းဖြင့်လည်းကောင်း၊ အတည်ပြုပါဝင်ခြင်း (ratification) သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်း (acession) ဖြင့်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများမှ ၂၀၂၃ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်နိုင်ရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရုံးက ထပ်လောင်းပြောကြားထားပါသည်။

၂၀၂၃ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွင် အထက်ဖော်ပြပါ နိုင်ငံတကာစာချုပ်များသာမက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံတွင် deposit ပြုလုပ်ထားသည့် အခြားသောစာချုပ်များကိုလည်းဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်များသည် ကျားမတန်းတူညီမျှရေး၊ ပင်လယ်ပြင်ဆိုင်ရာဥပဒေနှင့် လက်နက်ဖျက်သိမ်းရေးတို့ အပါအဝင် လူ့အခွင့်အရေးကို အကာအကွယ်ပေးရေးကဲ့သို့သောကဏ္ဍများကို လွှမ်းခြုံထားကြောင်း၊ အတွင်းရေးမှူးချုပ်ထံ deposit ပြုလုပ်ထားသော နိုင်ငံတကာစာချုပ်များ၏စာရင်းအပြည့် အစုံကို Treaty Section of the Office of Legal Affairs (https://treaties.un.org) ၏ Website တွင်ရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံများအနေဖြင့် ၂၀၂၃ခုနှစ် နိုင်ငံတကာစာချုပ်စာတမ်းများဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်၍ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအား လက်မှတ်ရေးထိုးရန်၊ အတည်ပြုပါဝင်ရန် သို့မဟုတ် နောက်မှပါဝင်ချုပ်ဆိုခြင်းပြုလုပ်ရန်ရည်ရွယ်ပါက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့

နောက်ဆုံးထား၍ Treaty Section of the Office of Legal Affairs အကြောင်းကြားနိုင်ကြောင်း ဖော်ပြပါရှိပါသည်။

ဒေါ်ရွှေရည်ဝင်း
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

source. https://treaties.un.org/pages/TreatyEvents.aspx?path=Treaty/Focus/Page1_en.xml

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

